# ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာပေပြုစုရေး နှင့်ဘာသာပြန်ကော်မီရှင် ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၅။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမြန်မာစာပေပြုစုရေးနှင့် ဘာသာပြန်ကော်မီရှင်ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံမြန်မာစာပေ ပြုစုရေးနှင့် ဘာသာပြန်ကော်မီရှင်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၂) တွင်၊ အပိုဒ် (ဏ) အစား၊ အောက်ပါကို၊ အပိုဒ် (ဏ) အဖြစ်ထည့်သွင်းရမည်။

" (ဏ) အစိုးရက ခန့်ထားသည့် တဆယ့်ငါးဦးအောက်မနည်းသော ပုဂ္ဂိုလ်များ—အဖွဲ့ဝင်၊"